လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# အမေ လူထုဒေါ်အမာ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းသဝဏ်လွှာ

အမေလူထုဒေါ်အမာ အလွန်မြင်တွေ့လိုသော ဒီမိုကရေစီခေတ်သစ်တရပ်ကို မြင်တွေ့မသွားရသေးခင်မှာ အခုလို ကွယ်လွန်သွားခြင်းအတွက် ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတစ်ရပ်လုံးက မိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါတယ်။

အမေ လူထုဒေါ်အမာဟာ ...
၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်ကို ဦးဆောင်ခဲ့တဲ့ ကျောင်းသူဘဝမှ စပြီး ၂၀၀၈ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ ဆုံးပါးကွယ်လွန်သွားချိန်အထိ စက္ကန့်မလပ် လူထုဘက်က ရပ်တည်ခဲ့၊ လူထုနှင့်အတူ ခံစားခဲ့၊ လူထုနှင့်အတူ တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါတယ်။

လူထုသတင်းစာတိုက်ကို အုပ်စိုးသူအာဏာပိုင်များက ဥပဒေမဲ့စွာ ဒိုင်းနမိုက်ခွဲပြီး ဖျက်ဆီးတာကို ခံခဲ့ရစဉ်မှာဖြစ်စေ၊ စစ်အာဏာရှင်စနစ်ရဲ့ ဖိစီးနှိပ်စက်မှုများကြောင့် မိသားစုဝင်များနှင့် သေကွဲရှင်ကွဲ၊ ကွဲခဲ့ကြရတဲ့ ကံကြမ္မာများနှင့် ကြုံဆုံခဲ့ရတဲ့အခါများမှာဖြစ်စေ၊ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များအတွင်း ကိုယ်တိုင်ဖြတ်သန်းခဲ့ရစဉ်များမှာဖြစ်စေ လူထုဒေါ်အမာဟာ စိုးစဉ်းမျှ တုန်လှုပ်ခြင်းမရှိ၊ အနည်းငယ်မျှ တွေဝေယိမ်းယိုင်သွားခြင်းမရှိဘဲ လူထုအပေါ် ထာဝရ သစ္စာခိုင်ကြည်ခဲ့သူ ဖြစ်ပါတယ်။

ယနေ့တိုင်းပြည်မှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ ပြဿနာအရပ်ရပ်ကို ဆိုးသည်ထက် ဆိုးမသွားစေရေးအတွက် သူမနာကိုယ်မနာ တွေ့ဆုံဆွေးနွေးအဖြေရှာရန် စစ်အစိုးရကို အကြိမ်ကြိမ် အကြံပြုတိုက်တွန်း တောင်းဆိုခဲ့သူလည်း ဖြစ်ပါတယ်။

အမေ လူထုဒေါ်အမာရဲ့ ဘဝတသက်တာဟာ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ စာပေနှင့် အမျိုးသားယဉ်ကျေးမှုဖော်ထုတ်ထိန်းသိမ်းကာကွယ်ရေး စသော တိုက်ပွဲများဖြင့်အတိပြီးသော ဘဝတသက်တာဖြစ်ပါတယ်။ လူထုနှင့်အတူ လူထုအတွက် တိုက်ပွဲဝင်ခဲ့သော ဘဝတသက်တာဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အပြည့်အဝရရှိရေး တိုက်ပွဲစဉ်ကြီးအတွင်းမှာ အမေလူထုဒေါ်အမာရဲ့သမိုင်းဟာ ထာဝစဉ် ဥဒါန်းတွင်နေပါလိမ့်မယ်။

ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် အမေ လူထုဒေါ်အမာရဲ့ တိုင်းပြည်နှင့် လူထုအတွက် မားမားမတ်မတ် စွမ်းဆောင်ခဲ့မှုမှန်သမျှကို လေးလေးနက်နက် တန်ဖိုးထား ဂုဏ်ပြုမော်ကွန်းတင်အပ်ပါတယ်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ ဧပြီလ (၈) ရက်